## ၂၀၁၈ – ၂၀၁၉၊ ဘဏ္ဍာရေးနှစ်

## တနင်္သာရီတိုင်းဒေသကြီး၏



# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ







2018-2019 Year

Taninthayi Regional

# Citizen's Budget

Cover Design- Shwe Pouk (MKThu)

# တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# (Citizen's Budget)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥယျောဇဉ် | ၁ |
| ၂ | ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း | ၂ |
| ၃ | Citizen's Budget စာစောင်ဆိုတာဘာလဲ | ၃ |
| ၄ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၄ |
| ၅ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများစာရင်း | ၅ |
| ၆ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ | ၆ |
| ၇ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ၊ လိုငွေအခြေအနေ | ၇ |
| ၈ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေလျာထားချက်များ | ၈-၉ |
| ၉ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု | ၉ |
| ၁၀ | ပြည်ထောင်စုမှ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသို့ ခွဲဝေပေးသော အခွန်ဝေစု | ၉ |
| ၁၁ | ၂၀၁၈-၂၀၁၉ခု၊ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၏ရငွေရရှိနိုင်မှုလျာထားချက် | ၉ |
| ၁၂ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ | ၁၀ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း | ၁၁-၁၂ |
| ၁၄ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း | ၁၃ |
| ၁၅ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ ပြန်လည်ခွဲဝေပေးထားသည့် အသုံးစရိတ်အခြေအနေ | ၁၄ |
| ၁၆ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ | ၁၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၇ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ | ၁၆ |
| ၁၈ | မြိတ်-တနင်္သာရီ-ဘုတ်ပြင်း လမ်းအပိုင်း၊ တံတားအမှတ်(၃/၅၀) တနင်္သာရီတံတား ဆောင်ရွက်ခြင်း မှတ်တမ်း | ၁၇ |
| ၁၉ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၁၈-၁၉ |
| ၂၀ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး အတွက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ | ၁၉ |
| ၂၁ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၀ |
| ၂၂ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ | ၂၀ |
| ၂၃ | တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၁ |
| ၂၄ | တနင်္သာရီတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက်၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဖွင့်လှစ်မည့် သင်တန်းများ | ၂၁ |
| ၂၅ | တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၂-၂၃ |
| ၂၆ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၃-၂၄ |
| ၂၇ | တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၄ |
| ၂၈ | တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၅ |
| ၂၉ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုဖော်ထုတ်ရေး (ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး) အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀ | တနင်္သာရီတိုင်းဒေသကြီးအတွင်းဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၅ |
| ၃၁ | တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မှတ်တမ်း | ၂၆ |
| ၃၂ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများတွင် ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်း (မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကောက်နုတ်ချက်) | ၂၇ |
| ၃၃ | အသုံးစရိတ်အတွက်အခြေခံအချက်များ (မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကောက်နုတ်ချက်) | ၂၈ |
| ၃၄ | ဘဏ္ဍာရေးကျင့်စဉ်ကြီးများ (မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကောက်နုတ်ချက်) | ၂၈ |

# ဥပယောဇဉ်

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ၂၅-၉-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေအမှတ် ၄၇/၂၀၁၈ ဖြင့် အတည်ပြုခဲ့ပြီး၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

ပြည်သူ့ဘဏ္ဍာသည် ပြည်သူပိုင်သော ဘဏ္ဍာဖြစ်သည်နှင့်အညီ ပြည်သူ့ထံသို့ ပွင့်လင်းမြင်သာစွာ ချပြရမည် ဖြစ်ပေသည်။ အသုံးစရိတ်များကိုသုံးစွဲရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျစီမံခန့်ခွဲ သုံးစွဲလျှက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးစားပေးကဏ္ဍများ အောင်မြင်စေရန် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းရန် လိုအပ်ပါသည်။ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကောင်းမှသာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပြီး ပြည်သူများအတွက် လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**"ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်"** ဟူသော မူဝါဒနှင့်အညီ တနင်္သာရီတိုင်း ဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖော်ပြပေးမည့် **တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen' s Budget)** ကို ထုတ်ဝေလျက်ရှိပါကြောင်း ပြည်သူလူထုသို့ အစီရင်ခံ အပ်ပါသည်။

**ဒေါက်တာလဲ့လဲ့မော်**
**ဝန်ကြီးချုပ်**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ( ၂၈ ) ရက်

# ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း

၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မတိုင်မီ ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ဖြစ်သော ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ အစား အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့ အထိကို ပြောင်းလဲသတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/ ၂၀၁၇) က သဘောတူခဲ့ပြီး ၃၁-၁၀-၂၀၁၇ ရက်နေ့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ် အသစ်မစတင်မီ ကူးပြောင်းချိန်ကာလ ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဘတ်ဂျက်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

၂။ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိသို့ ပြောင်းလဲကျင့်သုံးခြင်း ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးနှစ် စတင်သည့် ကာလသည် ခြောက်သွေ့သောကာလ ဖြစ်သည့် အပြင် ကာလရှည် ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်ကာလသည် အောက်တိုဘာ ၁ ရက်တွင် စတင်သော ဘတ်ဂျက်အတွက် ၈ လကျော် တစ်ဆက်တည်းရှိခြင်းနှင့် ၃ လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာစေရန် ဖြစ်ပါသည်။

၃။ ဘဏ္ဍာရေးနှစ် ပြောင်းလဲသည့်အခါတွင် စနစ်ဟောင်းမှ စနစ်သစ်သို့ ကူးပြောင်းချိန်အတွင်း၌ ပထမပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်း အသွယ်သွယ်နှင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလဒ်များသာ စဉ်ဆက်မပြတ်ရရှိနိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ** ဖြစ်ပါသည်။

# Citizen's Budget စာစောင်ဆိုတာ



## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

တနင်္သာရီတိုင်းဒေသကြီးအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက် ကို အထောက်အကူပြုစေရန်အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ မူဝါဒကို အခြေခံပြီး (Policy Based Budgeting) ဘတ်ဂျက်ရေးဆွဲခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်** တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊
- လျှပ်စစ်မီးရရှိရေး၊
- မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊
- ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
- မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊
- စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊
- သောက်သုံးရေရရှိရေး၊
- အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊
- သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
- ဒြပ်မဲ့ယဉ်ကျေးမှုဖော်ထုတ်ရေး(ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး)၊
- ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများစာရင်း

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် |
|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး |
| ၂ | | **ဝန်ကြီးဌာနများ** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| | | ၃။ မီးသတ်ဦးစီးဌာန |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| | | ၄။ သမဝါယမဦးစီးဌာန |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| | | ၁။ သစ်တောဦးစီးဌာန |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | ၄ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| | | ၂။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ |
| | | ၄။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| | | ၂။ လမ်းဦးစီးဌာန |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## တနင်္သာရီတိုင်းဒေသကြီး၏စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

| စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ | | |
| --- | --- | --- |
| | စုစုပေါင်းလူဦးရေ | ၁,၄၀၈,၄၀၁ (ဦး) |
| | မြေဧရိယာအကျယ်အဝန်း | ၄၃,၃၄၅ စတုရန်းကီလိုမီတာ |
| | စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် ၁၁,၇၇၉ သန်း |
| | စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် ၁၅၉,၅၃၃ သန်း |
| | လိုငွေ | ကျပ် ၁၄၇,၇၅၄ သန်း |
| | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) စီမံကိန်းရည်မှန်းချက် | ကျပ် ၄,၃၁၁,၈၀၀ သန်း |
| | လိုငွေနှင့် GDP အချိုး | ၃.၄၃ % |
| | အခွန်အကောက်ရငွေ | ကျပ် ၂,၉၉၀ သန်း |
| | အခွန်အကောက်ရငွေနှင့် GDP အချိုး | ၀.၀၇ % |
| | လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capital GDP) | ကျပ် ၂,၉၄၁,၂၂၅ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## တနင်္သာရီတိုင်းဒေသကြီး၏ရငွေ၊ သုံးငွေ၊ လိုငွေ အခြေအနေ

(ကျပ်သန်းပေါင်း )

| | |
|---|---|
| **ရငွေ** | **၁၁,၇၇၈.၇၂၃** |
| သာမန်ရငွေ | ၁၁,၇၇၈.၇၂၃ |
| ငွေလုံးငွေရင်းရငွေ | - |

| | |
|---|---|
| **အသုံးစရိတ်** | **၁၅၉,၅၃၃.၀၀၉** |
| သာမန်အသုံးစရိတ် | ၃၀,၃၄၇.၁၇၇ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၁၂၉,၁၈၅.၈၃၂ |

| | |
|---|---|
| **လိုငွေ** | **-၁၄၇,၇၅၄.၂၈၆** |

*** တနင်္သာရီတိုင်းဒေသကြီး၏ လိုငွေ **ကျပ် ၁၄၇,၇၅၄.၂၈၆ သန်း** ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးထားပါသည်။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၆,၁၁၇.၃၁၈** | **၅,၂၁၉.၃၀၂** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၅,၈၉၆.၆၈၃ | ၄,၉၉၂.၆၄၁ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | | |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၂၁၈.၀၀၄ | ၂၂၆.၁၉၉ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၂၅၄ | ၀.၄၃၂ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၂.၃၇၇ | ၀.၀၃၀ |
| ၂ | | **ဝန်ကြီးဌာနများ** | **၁,၆၅၃.၅၀၃** | **၂,၈၃၁.၂၆၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၄၉၈.၅၂၀ | ၉၃၅.၃၂၃ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၉၇.၈၃၁ | ၉၃၄.၆၃၃ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၈၉ | ၀.၀၉၀ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၆၀၀ | ၀.၆၀၀ |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၁၂.၁၉၇ | ၁၇၇.၃၆၄ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၆.၁၅၀ | ၆.၁၅၀ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၁၀၂.၂၅၀ | ၁၁၃.၃၃၅ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁.၀၁၀ | ၅၅.၇၇၇ |
| | | ၄။ သမဝါယမဦးစီးဌာန | ၁.၀၂၇ | ၀.၂၂၂ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၇၆၀ | ၁.၈၈၀ |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၉၉၁.၇၉၅ | ၁,၅၈၇.၅၉၅ |
| | | ၁။ သစ်တောဦးစီးဌာန | ၉၉၁.၇၉၅ | ၁,၅၈၇.၅၉၅ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃.၀၀၀ | ၃.၀၀၀ |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃.၀၀၀ | ၃.၀၀၀ |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | | |
| | | ၁။တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | | |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄.၇၄၀ | ၆.၅၈၃ |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၄.၇၄၀ | ၆.၅၈၃ |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၀.၀၁၆ | ၃၃.၅၉၁ |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၃၃.၅၇၅ |
| | | ၂။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၁၄ | ၀.၀၁၄ |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ | | |
| | | ၄။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၂ | ၀.၀၀၂ |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄၃.၂၃၅ | ၈၇.၈၁၁ |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၀.၇၂၁ | ၇၁.၆၈၄ |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|
| | | ၂။ လမ်းဦးစီးဌာန | ၁၂.၅၁၄ | ၁၆.၁၂၇ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၃,၃၀၄.၇၇၆ | ၃,၇၂၈.၁၅၄ |
| | | **စုစုပေါင်း (၁ + ၂ + ၃)** | **၁၁,၀၇၅.၅၉၇** | **၁၁,၇၇၈.၇၂၃** |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု


(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ အမှန်စာရင်း | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ |
|---|---|---|---|---|---|
| ၁။ | အခွန်ဝေစု | ၇၂၄.၀၁၆ | ၁၃,၃၆၅.၄၅၆ | ၆၂၂.၀၄၆ | ၃,၉၉၂.၅၆၆ |

## ပြည်ထောင်စုမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ခွဲဝေပေးသော အခွန်ဝေစု

- ၅ % ဝင်ငွေခွန် (၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ)
- ၁၅ % ကုန်သွယ်လုပ်ငန်းခွန် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ)
- ၁၅ % အထူးကုန်စည်ခွန် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၏ ရငွေရရှိနိုင်မှု လျာထားချက်




## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ကောက်ခံသည့် ဌာန၊ အဖွဲ့အစည်း | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|---|
| ၁ | | <u>ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်</u> | | <u>၃၆၁.၂၀၆</u> | <u>၅၂၆.၀၇၀</u> |
| | ၁ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၆၁.၂၀၆ | ၅၂၆.၀၇၀ |
| ၂ | | <u>နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်</u> | | <u>၁,၁၉၃.၇၇၇</u> | <u>၂,၀၇၀.၁၁၄</u> |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၀၈.၇၂၀ | ၂၅၀.၇၅၉ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀.၀၅၂ | ၀.၀၃၉ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၉၆၄.၅၉၀ | ၁,၅၅၈.၃၉၀ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၈.၁၆၅ | ၁၄၇.၅၉၁ |
| | ၅ | အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၁၀၂.၂၅၀ | ၁၁၃.၃၃၅ |
| ၃ | | <u>စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်</u> | | <u>၄၉၃.၂၅၃</u> | <u>၃၉၄.၂၉၈</u> |
| | ၁ | ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၄၂၆.၅၀၇ | ၃၁၃.၀၀၃ |
| | ၂ | ဘီးခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၆၆.၇၄၆ | ၈၁.၂၉၅ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)




အခြားအခွန်များခေါင်းစဉ်အောက်တွင် ရေခွန်နှင့် တာတမံခွန်၊ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ အင်းအိုင်ခွန်နှင့် ဘီးခွန်တို့ပါဝင်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း


(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| **၁** | | **ဗဟိုအဖွဲ့အစည်းများ** | **၂၃,၇၆၇.၈၈၅** | **၃၄,၆၀၄.၇၃၃** | **၂၁.၆၉%** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၂၀,၆၄၉.၉၀၆ | ၃၂,၆၀၅.၈၅၇ | ၂၀.၄၄% |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | ၁,၅၃၉.၄၅၉ | ၈၃၄.၃၀၀ | ၀.၅၂% |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၅၁.၃၀၀ | ၅၄.၁၄၅ | ၀.၀၃% |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၈၇၅.၂၉၃ | ၃၄၆.၃၄၂ | ၀.၂၂% |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၆၅၁.၉၂၇ | ၇၆၄.၀၈၉ | ၀.၄၈% |
| **၂** | | **ဝန်ကြီးဌာနများ** | **၁၂၇,၁၇၃.၉၈၂** | **၁၀၈,၈၁၃.၈၄၂** | **၆၈.၂၁%** |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> | <u>၈,၁၃၅.၇၈၀</u> | <u>၈,၀၈၁.၉၇၀</u> | <u>၅.၀၇%</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅,၂၇၆.၄၂၂ | ၅,၀၄၇.၉၉၇ | ၃.၁၇% |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၄၈၅.၁၀၁ | ၄၃၆.၇၀၃ | ၀.၂၇% |
| | | ၃။ မီးသတ်ဦးစီးဌာန | ၂,၃၇၄.၂၅၇ | ၂,၅၉၇.၂၇၀ | ၁.၆၃% |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> | <u>၂,၆၉၀.၄၈၀</u> | <u>၃,၀၃၂.၀၆၉</u> | <u>၁.၈၉%</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၁,၄၉၉.၄၆၆ | ၁,၇၁၂.၇၅၅ | ၁.၀၇% |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၃၈၈.၂၆၅ | ၃၃၂.၀၂၆ | ၀.၂၁% |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၂၅၃.၆၆၁ | ၃၀၆.၂၃၆ | ၀.၁၉% |
| | | ၄။ သမဝါယမဦးစီးဌာန | ၄၉၀.၆၀၀ | ၄၈၄.၂၃၅ | ၀.၃၀% |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၅၈.၄၈၈ | ၁၉၆.၈၁၇ | ၀.၁၂% |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန</u> | <u>၂,၂၃၂.၄၁၇</u> | <u>၁,၄၃၅.၄၈၀</u> | <u>၀.၉၀%</u> |
| | | ၁။ သစ်တောဦးစီးဌာန | ၁,၈၄၅.၈၉၄ | ၇၈၅.၈၈၂ | ၀.၄၉% |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၃၈၆.၅၂၃ | ၆၄၉.၅၉၈ | ၀.၄၁% |
| | ၄ | <u>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန</u> | <u>၃၀,၀၇၈.၆၀၆</u> | <u>၅,၇၀၄.၅၁၀</u> | <u>၃.၅၈%</u> |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃၀,၀၇၈.၆၀၆ | ၅,၇၀၄.၅၁၀ | ၃.၅၈% |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၃၇.၀၆၄ | ၉၇.၈၈၅ | ၀.၀၆% |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | ၃၇.၀၆၄ | ၉၇.၈၈၅ | ၀.၀၆% |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁,၂၆၁.၅၁၃ | ၁,၁၂၄.၁၂၀ | ၀.၇၀% |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၁,၂၆၁.၅၁၃ | ၁,၁၂၄.၁၂၀ | ၀.၇၀% |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၆၆၁.၅၉၀ | ၉၄၂.၀၀၇ | ၀.၆၀% |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၃၁၇.၃၉၁ | ၀.၂၀% |
| | | ၂။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၄၆၇.၀၈၃ | ၄၂၂.၈၃၆ | ၀.၂၇% |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ | ၁၁၀.၉၁၉ | ၈၂.၅၁၉ | ၀.၀၅% |
| | | ၄။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၈၃.၅၈၈ | ၁၁၉.၂၆၁ | ၀.၀၈% |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၈၂,၀၇၆.၅၃၂ | ၈၈,၃၉၅.၈၀၁ | ၅၅.၄၁% |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၉၈၄.၁၄၃ | ၃,၂၅၇.၈၄၄ | ၂.၀၄% |
| | | ၂။ လမ်းဦးစီးဌာန | ၈၁,၀၉၂.၃၈၉ | ၈၅,၁၃၇.၉၅၇ | ၅၃.၃၇% |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၆,၅၁၈.၀၁၆** | **၁၆,၁၁၄.၄၃၄** | **၁၀.၁၀%** |
| | | **စုစုပေါင်း (၁ + ၂ + ၃)** | **၁၅၇,၄၅၉.၈၈၃** | **၁၅၉,၅၃၃.၀၀၉** | **၁၀၀%** |

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်လာခြင်း ဖြစ်ပါသည်။**

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း




| | | | |
|---|---|---|---|
| ၁။ | လမ်းဦးစီးဌာန | - | ၅၃.၃၇% |
| ၂။ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | - | ၂၀.၄၄% |
| ၃။ | စည်ပင်သာယာရေးအဖွဲ့များ | - | ၁၀.၁၀% |
| ၄။ | အခြားဌာန၊ အဖွဲ့အစည်းများ | - | ၅.၆၇% |
| ၅။ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | - | ၃.၅၈% |
| ၆။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | ၃.၁၇% |
| ၇။ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | - | ၂.၀၄% |
| ၈။ | မီးသတ်ဦးစီးဌာန | - | ၁.၆၃% |

## အခြား ၅.၆၇% တွင်ပါဝင်သည့် ဌာနအဖွဲ့အစည်းများ


| | | | | | |
|---|---|---|---|---|---|
| ၁။ | လွှတ်တော်ရုံး | ၀.၅၂% | ၁၀။ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၁၂% |
| ၂။ | တရားလွှတ်တော်ရုံး | ၀.၀၃% | ၁၁။ | သစ်တောဦးစီးဌာန | ၀.၄၉% |
| ၃။ | ဥပဒေချုပ်ရုံး | ၀.၂၂% | ၁၂။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၄၁% |
| ၄။ | စာရင်းစစ်ချုပ်ရုံး | ၀.၄၈% | ၁၃။ | ကုန်တင်ကုန်ချကော်မတီရုံး | ၀.၀၆% |
| ၅။ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၂၇% | ၁၄။ | အားကစားနှင့် ကာယပညာဦးစီးဌာန | ၀.၇၀% |
| ၆။ | စိုက်ပျိုးရေးဦးစီးဌာန | ၁.၀၇% | ၁၅။ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၀.၂၀% |
| ၇။ | ငါးလုပ်ငန်းဦးစီးဌာန | ၀.၂၁% | ၁၆။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၂၇% |
| ၈။ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၀.၁၉% | ၁၇။ | ဗဟိုစာရင်းအင်းအဖွဲ့ | ၀.၀၅% |
| ၉။ | သမဝါယမဦးစီးဌာန | ၀.၃၀% | ၁၈။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ ပြန်လည်ခွဲဝေပေးထားသည့် အသုံးစရိတ်အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) | အသုံးစရိတ် ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၇,၆၇၉.၅၃၉ | ၂၃.၅၅% |
| ၂။ | ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန | ၁,၄၅၅.၀၆၀ | ၄.၄၆% |
| ၃။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၃,၁၉၉.၀၉၄ | ၉.၈၁% |
| ၄။ | စက်မှုလယ်ယာဦးစီးဌာန | ၂၂၆.၇၀၀ | ၀.၇၀% |
| ၅။ | မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | ၂၆.၄၀၀ | ၀.၀၈% |
| ၆။ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၂၀,၀၁၉.၀၆၄ | ၆၁.၄၀% |
| | **စု စု ပေါင်း** | **၃၂,၆၀၅.၈၅၇** | **၁၀၀%** |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများသို့ ပြန်လည်ခွဲဝေပေးထားသည့် အသုံးစရိတ်အခြေပြပုံစံ



## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ


(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၅,၂၁၉.၃၀၂** | **၃၄,၆၀၄.၇၃၃** | **-၂၉,၃၈၅.၄၃၁** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၄,၉၉၂.၆၄၁ | ၃၂,၆၀၅.၈၅၇ | -၂၇,၆၁၃.၂၁၆ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | | ၈၃၄.၃၀၀ | -၈၃၄.၃၀၀ |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၂၂၆.၁၉၉ | ၅၄.၁၄၅ | +၁၇၂.၀၅၄ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၄၃၂ | ၃၄၆.၃၄၂ | -၃၄၅.၉၁၀ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၀.၀၃၀ | ၇၆၄.၀၈၉ | -၇၆၄.၀၅၉ |
| ၂ | | **ဝန်ကြီးဌာနများ** | **၂,၈၃၁.၂၆၇** | **၁၀၈,၈၁၃.၈၄၂** | **-၁၀၅,၉၈၂.၅၇၅** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၉၃၅.၃၂၃ | ၈,၀၈၁.၉၇၀ | -၇,၁၄၆.၆၄၇ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၉၃၄.၆၃၃ | ၅,၀၄၇.၉၉၇ | -၄,၁၁၃.၃၆၄ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၉၀ | ၄၃၆.၇၀၃ | -၄၃၆.၆၁၃ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၆၀၀ | ၂,၅၉၇.၂၇၀ | -၂,၅၉၆.၆၇၀ |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၇၇.၃၆၄ | ၃,၀၃၂.၀၆၉ | -၂,၈၅၄.၇၀၅ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၆.၁၅၀ | ၁,၇၁၂.၇၅၅ | -၁,၇၀၆.၆၀၅ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၁၁၃.၃၃၅ | ၃၃၂.၀၂၆ | -၂၁၈.၆၉၁ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၅၅.၇၇၇ | ၃၀၆.၂၃၆ | -၂၅၀.၄၅၉ |
| | | ၄။ သမဝါယမဦးစီးဌာန | ၀.၂၂၂ | ၄၈၄.၂၃၅ | -၄၈၄.၀၁၃ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၈၈၀ | ၁၉၆.၈၁၇ | -၁၉၄.၉၃၇ |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁,၅၈၇.၅၉၅ | ၁,၄၃၅.၄၈၀ | +၁၅၂.၁၁၅ |
| | | ၁။ သစ်တောဦးစီးဌာန | ၁,၅၈၇.၅၉၅ | ၇၈၅.၈၈၂ | +၈၀၁.၇၁၃ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၆၄၉.၅၉၈ | -၆၄၉.၅၉၈ |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃.၀၀၀ | ၅,၇၀၄.၅၁၀ | -၅,၇၀၁.၅၁၀ |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃.၀၀၀ | ၅,၇၀၄.၅၁၀ | -၅,၇၀၁.၅၁၀ |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | | ၉၇.၈၈၅ | -၉၇.၈၈၅ |
| | | ၁။တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | | ၉၇.၈၈၅ | -၉၇.၈၈၅ |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၆.၅၈၃ | ၁,၁၂၄.၁၂၀ | -၁,၁၁၇.၅၃၇ |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၆.၅၈၃ | ၁,၁၂၄.၁၂၀ | -၁,၁၁၇.၅၃၇ |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၃၃.၅၉၁ | ၉၄၂.၀၀၇ | -၉၀၈.၄၁၆ |
| | | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၃၃.၅၇၅ | ၃၁၇.၃၉၁ | -၂၈၃.၈၁၆ |
| | | ၂။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၁၄ | ၄၂၂.၈၃၆ | -၄၂၂.၈၂၂ |
| | | ၃။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၈၂.၅၁၉ | -၈၂.၅၁၉ |
| | | ၄။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၂ | ၁၁၉.၂၆၁ | -၁၁၉.၂၅၉ |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၈၇.၈၁၁ | ၈၈,၃၉၅.၈၀၁ | -၈၈,၃၀၇.၉၉၀ |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၇၁.၆၈၄ | ၃,၂၅၇.၈၄၄ | -၃,၁၈၆.၁၆၀ |
| | | ၂။ လမ်းဦးစီးဌာန | ၁၆.၁၂၇ | ၈၅,၁၃၇.၉၅၇ | -၈၅,၁၂၁.၈၃၀ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၃,၇၂၈.၁၅၄** | **၁၆,၁၁၄.၄၃၄** | **-၁၂,၃၈၆.၂၈၀** |
| | | **စုစုပေါင်း (၁ + ၂ + ၃)** | **၁၁,၇၇၈.၇၂၃** | **၁၅၉,၅၃၃.၀၀၉** | **-၁၄၇,၇၅၄.၂၈၆** |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ



ထားဝယ်မြို့နယ်အတွင်း (AC) ခင်းထားသည့် မှတ်တမ်း



မြိတ်မြို့နယ်အတွင်း (AC) ခင်းထားသည့် မှတ်တမ်း



သမုတ်-လွတ်လွတ် တံတား တည်ဆောက်နေသည့် မှတ်တမ်း

## မြိတ်-တနင်္သာရီ-ဘုတ်ပြင်းလမ်းအပိုင်း၊ တံတားအမှတ်(၃/၅၀)

## တနင်္သာရီတံတား ဆောင်ရွက်ခြင်းမှတ်တမ်း





## တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

### မြို့ပြလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး

#### လမ်းဦးစီးဌာန(ကောက်နုတ်ချက်)

| စဉ် | ခရိုင်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်ခရိုင် | (၆) ခု | ၅,၆၆၅.၀၀၀ |
| ၂။ | မြိတ်ခရိုင် | (၆) ခု | ၉,၇၀၅.၀၀၀ |
| ၃။ | ကော့သောင်းခရိုင် | (၉) ခု | ၁၅,၃၆၃.၀၀၀ |

#### စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၁၆၉) ခု | ၂,၁၇၉.၁၂၅ |
| ၂။ | ရေဖြူမြို့နယ် | (၃၀) ခု | ၅၂၅.၁၄၀ |
| ၃။ | လောင်းလုံးမြို့နယ် | (၁၉) ခု | ၃၃၂.၈၃၂ |
| ၄။ | သရက်ချောင်းမြို့နယ် | (၃၈) ခု | ၃၈၉.၁၃၅ |
| ၅။ | မြိတ်မြို့နယ် | (၁၁၄) ခု | ၁,၄၆၂.၁၈၈ |
| ၆။ | ကျွန်းစုမြို့နယ် | (၃၄) ခု | ၃၅၉.၁၁၃ |
| ၇။ | တနင်္သာရီမြို့နယ် | (၂၅) ခု | ၂၉၅.၀၈၀ |
| ၈။ | ပုလောမြို့နယ် | (၉၀) ခု | ၆၈၂.၈၀၈ |
| ၉။ | ကော့သောင်းမြို့နယ် | (၇၈) ခု | ၁,၃၀၄.၂၁၂ |
| ၁၀။ | ဘုတ်ပြင်းမြို့နယ် | (၅၁) ခု | ၈၂၇.၂၀၀ |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက်
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

### နယ်စပ်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၇) ခု | ၁,၈၅၃.၇၅၁ |
| ၂။ | ရေဖြူမြို့နယ် | (၁၅) ခု | ၁,၉၈၀.၂၃၈ |
| ၃။ | လောင်းလုံးမြို့နယ် | (၅) ခု | ၁,၉၈၁.၈၂၈ |
| ၄။ | သရက်ချောင်းမြို့နယ် | (၁၂) ခု | ၁,၉၃၉.၀၂၀ |
| ၅။ | မြိတ်မြို့နယ် | (၁၇) ခု | ၂,၀၀၆.၈၄၆ |
| ၆။ | ကျွန်းစုမြို့နယ် | (၁၃) ခု | ၁,၈၇၀.၆၀၈ |
| ၇။ | တနင်္သာရီမြို့နယ် | (၁၅) ခု | ၂,၀၄၉.၁၃၁ |
| ၈။ | ပုလောမြို့နယ် | (၂၀) ခု | ၂,၁၇၈.၅၆၃ |
| ၉။ | ကော့သောင်းမြို့နယ် | (၁၃) ခု | ၁,၉၆၂.၁၅၅ |
| ၁၀။ | ဘုတ်ပြင်းမြို့နယ် | (၁၀) ခု | ၁,၈၉၈.၇၀၀ |

### တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ





တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက်

၂၀၁၈-၂၀၁၉ခု၊ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

**လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ကောက်နုတ်ချက်)**

| စဉ် | ခရိုင်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်ခရိုင် | (၂၆) ခု | ၁,၉၇၆.၅၃၂ |
| ၂။ | မြိတ်ခရိုင် | (၂၁) ခု | ၃,၀၉၀.၀၇၈ |
| ၃။ | ကော့သောင်းခရိုင် | (၄) ခု | ၆၂၆.၀၀၀ |

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက်

ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ





## တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

**ဈေးရုံတည်ဆောက်ခြင်း၊ပြုပြင်ခြင်းနှင့် ဈေးလုပ်ငန်းများ**

**စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)**

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်းအကြောင်းအရာ | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | ကမ်းနားလမ်း ပုံကျဈေးရုံ ဆောက်လုပ်ခြင်း (၁) (၂) (၃) (Steel Structure)အပါအဝင် ဈေး(၃)ဈေး | ၄၆၉.၈၃၅ |
| ၂။ | ရေဖြူမြို့နယ် | ရေဖြူအရှေ့ဈေး ကွန်ကရစ်ဈေးရုံတည်ဆောက်ခြင်း အပါအဝင် ဈေး(၂)ဈေး | ၁၅၅.၄၀၅ |
| ၃။ | လောင်းလုံးမြို့နယ် | သောကြာပြင်ဈေးတည်ဆောက်ခြင်းအပါအဝင် ဈေး(၄)ဈေး | ၁၃၂.၁၇၀ |
| ၄။ | သရက်ချောင်းမြို့နယ် | မြို့မရပ်ကွက်၊မြို့မဈေးဆောက်လုပ်ခြင်းအပါအဝင် ဈေး(၃) ဈေး | ၁၁၆.၄၈၀ |
| ၅။ | မြိတ်မြို့နယ် | သီရိမင်္ဂလာဈေးတွင် ဈေးရုံ (၃)ရုံ တည်ဆောက်ခြင်း အပါအဝင် ဈေး(၁၁)ဈေး | ၇၆၂.၂၈၀ |
| ၆။ | ကော့သောင်းမြို့နယ် | နန္ဒဝန်ဈေးရုံ တည်ဆောက်ခြင်းအပါအဝင် ဈေး(၅)ဈေး | ၇၅၅.၃၇၈ |
| ၇။ | ပုလောမြို့နယ် | မြို့မဈေးကြီး ဈေးရုံအမိုးများ လဲလှယ်ခြင်းအပါအဝင် ပုလော နှင့် ပလ ဈေး (၂)ဈေး | ၄၃.၅၁၀ |
| ၈။ | ကျွန်းစုမြို့နယ် | မြို့မဈေးရုံကြီး အမိုးပြုပြင်ခြင်းအပါအဝင် ဈေး(၂)ဈေး | ၇၁.၉၄၀ |
| ၉။ | ဘုတ်ပြင်းမြို့နယ် | မြို့မဈေးသား၊ငါးရုံတန်းပြုပြင်ခြင်းအပါအဝင် ဈေးလုပ်ငန်း(၇)ခု | ၈၄.၂၀၀ |

*****ထားဝယ်မြို့၊ ကမ်းနားလမ်း မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း**အတွက် **ကျပ် ၁,၀၀၀.၀၀၀ သန်း** အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ်အောက်တွင် လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဖွင့်လှစ်မည့် သင်တန်းများ

- ဝက်၊ ဆိတ်၊ ဘဲ၊ နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်း
- ကျေးလက်ဒေသ အခြေခံတိရစ္ဆာန် ကျန်းမာရေးလုပ်သားသင်တန်း
- ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာနှင့် ရေဖြူမြို့နယ်၊ ဇီကျကျေးရွာတို့တွင် တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းတွင် ရေချိုမျိုး ငါးဆေးထိုး သားဖောက်သင်တန်း
- တနင်္သာရီမြို့နယ်၊ အင်းတော်ကြီး၊ အင်းမတွင် ရေချိုငါးမွေးမြူရေး၊ ငါးသားဖောက်သင်တန်း

## တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအတွင်း စနစ်တကျလယ်ယာမြေ (ဧက ၉၅၀) ဖော်ထုတ်ရန် **ကျပ် ၁၈၀.၅၀၀ သန်း** အား စက်မှုလယ်ယာဦးစီးဌာန၏ အသုံးစရိတ်အောက်မှ လျာထားပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ကောက်နုတ်ချက်)**

(ချောင်းများပြန်လည်တူးဖော်ခြင်း၊ ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းများ)

| စဉ် | ခရိုင်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်ခရိုင် | (၆၀)ခု | ၈၇၁.၀၃၀ |
| ၂။ | မြိတ်ခရိုင် | (၁၆) | ၂၁၉.၉၀၀ |
| ၃။ | ကော့သောင်းခရိုင် | (၈)ခု | ၂၈၇.၆၁၀ |

**စိုက်ပျိုးရေးဦးစီးဌာန(ငွေလုံးငွေရင်းအသုံးစရိတ်မှ ကောက်နုတ်ချက်)**

(ကျပ်သန်းပေါင်း)

- မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးရုံး၊ မျိုးစေ့အရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်း နှင့် သီးနှံပိုးမွှား ကာကွယ်ရေး ဓာတ်ခွဲခန်း တည်ဆောက်ခြင်း — ၂၆၀.၀၀၀
- Green House (၃) လုံး တည်ဆောက်ခြင်း (ထားဝယ်၊ မြိတ်၊ ကော့သောင်း) — ၁၃.၅၀၀

**(စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ)**



( စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ)



**တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်အသုံးစရိတ် လျာထားချက်**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကောက်နုတ်ချက်)**

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၁) ခု | ၁၀.၆၃၀ |
| ၂။ | သရက်ချောင်းမြို့နယ် | (၃) ခု | ၄၂.၅၉၄ |
| ၃။ | ကျွန်းစုမြို့နယ် | (၁၁) ခု | ၁၂၉.၉၁၄ |
| ၄။ | ကော့သောင်းမြို့နယ် | (၅) ခု | ၄၂.၄၉၂ |
| ၅။ | ဘုတ်ပြင်းမြို့နယ် | (၅) ခု | ၇၂.၅၉၄ |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်အသုံးစရိတ် လျာထားချက်

**စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)**

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၁) ခု | ၅၀.၀၀၀ |
| ၂။ | သရက်ချောင်းမြို့နယ် | (၂) ခု | ၃.၀၁၂ |
| ၃။ | မြိတ်မြို့နယ် | (၃) ခု | ၁၇.၂၇၀ |
| ၄။ | ကျွန်းစုမြို့နယ် | (၇) ခု | ၃၅.၈၁၅ |
| ၅။ | တနင်္သာရီမြို့နယ် | (၁) ခု | ၂၈.၀၀၀ |
| ၆။ | ပုလောမြို့နယ် | (၂) ခု | ၁၃.၃၉၀ |
| ၇။ | ကော့သောင်းမြို့နယ် | (၂) ခု | ၂၇.၈၀၀ |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများဝယ်ယူခြင်း၊ လူငယ်အားကစားသမားများအား မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့် ပြိုင်ပွဲများ၊ ဗဟိုအဆင့် တိုင်းနှင့် ပြည်နယ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေခြင်း၊ ဗဟိုသို့ စေလွှတ်သော ကစားသမားများ၊ တစ်နှစ်ပတ်လုံး လေ့ကျင့်သော ကစားသမားနှင့် နည်းပြများအား ထောက်ပံ့စရိတ်များ ပေးအပ်ခြင်းနှင့် ဗဟို၌ဆုရရှိသော ကစားသမားများအား ဆုချီးမြှင့်ခြင်းများ ပြုလုပ်ရန် **ကျပ် ၅၂၆.၄၄၆ သန်း** လျာထားပါသည်။




(အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်မှတ်တမ်း)

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်အောက်မှ တိုင်းဒေသကြီးအတွင်း မီး၊ ရေ၊ လေ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက် **ကျပ် ၇၈၉.၀၉၄ သန်း** လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုဖော်ထုတ်ရေး (ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး) အတွက် ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့်အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒြပ်မဲ့ယဉ်ကျေးမှုဖော်ထုတ်ရေး (ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး) အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် **ကျပ် ၁၀၀.၀၀၀ သန်း** အား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်အောက်မှ လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

- ဆရာ၊ဆရာမ ဝန်ထမ်းအိမ်ရာ(၄၀)လုံးဆောက်လုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်တွင် **ကျပ် ၄၁၀.၉၇၉ သန်း** လျာထားပါသည်။
- ထားဝယ်မြို့တွင် (၆) ခန်းတွဲ (၄) ထပ် ဝန်ထမ်းအိမ်ရာ (၅)လုံး ဆောက်လုပ်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ **ကျပ် ၂,၃၅၂.၄၈၀ သန်း** လျာထားပါသည်။
- မြိတ်မြို့တွင် (၆) ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ **ကျပ် ၄၇၀.၄၉၆ သန်း** လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်မှတ်တမ်း









## မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (ကောက်နုတ်ချက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများတွင် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများသည် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများသည် ဌာန၊ အဖွဲ့အစည်း တစ်ခုအတွင်း ငွေစာရင်းခေါင်းစဉ်တစ်ခုမှ အခြားခေါင်းစဉ်တစ်ခုသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်လိုအပ်လျှင် သက်ဆိုင်ရာဌာနအကြီးအကဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန တို့၏ သဘောထားမှတ်ချက်ရယူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်၊

(ခ) ထိုသို့ဆောင်ရွက်ရာတွင် သာမန်အသုံးစရိတ်အောက်ရှိ လစာစရိတ်နှင့် ဧည့်ခံကျွေးမွေးစရိတ်တို့မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်၊

(ဂ) ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ရန်ပုံငွေလွှဲပြောင်းသုံးစွဲလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့်တည်ဆောက်ရေးနှင့်စက်ပစ္စည်းကြီးကြပ်ရေးကော်မတီသို့မဟုတ် အဖွဲ့၏ သဘောထားမှတ်ချက်များ ရယူရမည်၊

(ဃ) ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြသော ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကိုအမှန်စာရင်းတွင်လည်းကောင်းထည့်သွင်းဖော်ပြ ရမည်။

# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (ကောက်နုတ်ချက်)

## အသုံးစရိတ်အတွက် အခြေခံအချက်များ

အသုံးစရိတ်တစ်ရပ်ကို ကျခံရာ၌ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာငွေမှ နောက်ပေးချေရန်များကို တာဝန်ယူရာ၌ ဖြစ်စေ အောက်ပါအခြေခံအချက်များဖြင့် ပြည့်စုံရမည် -

(က) အသုံးစရိတ်ကျခံရန် ခွင့်ပြုပိုင်ခွင့်ရှိသူ သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် ထပ်ဆင့်အပ်နှင်းခြင်း ခံရသူ၏ အထူး သို့မဟုတ် ယေဘုယျခွင့်ပြုမိန့် ရှိရမည်၊

( ခ ) အသုံးစရိတ်အတွက် လုံလောက်သည့် ရန်ပုံငွေကို လျာထားသတ်မှတ်ပြီး ဖြစ်ရမည်၊

( ဂ ) သုံးစွဲငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း စသည်များနှင့်အညီ ဖြစ်စေရမည်။

## ဘဏ္ဍာရေးကျင့်စဉ်ကြီးများ

ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန် ခွင့်ပြုသောအခါ အောက်ပါ ဘဏ္ဍာရေး ကျင့်စဉ်ကြီးများကို ဦးတည်ကျင့်သုံးကြရမည် -

(က) အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍ မသုံးစွဲရန် အထူးကြပ်မတ်ရ မည်၊

( ခ ) ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ ပင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ အလားတူချင့်ချိန်သုံးစွဲရမည်၊

( ဂ ) လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကို မချမှတ်ရ၊

(ဃ) ခြွင်းချက်ပြုထားသော ကိစ္စရပ်များမှတစ်ပါး ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုး ကျေးဇူးဖြစ်စေရန် အသုံးမပြုရ၊

( င ) နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန် ခွင့်ပြုသည့် ခရီးစရိတ်ကဲ့သို့သော စရိတ်များသည် လက်ခံရရှိသူအတွက် အမြတ်အစွန်း မဖြစ်စေရ။

**ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါ သည်** -


| | | |
|---|---|---|
| ဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၅၉၀၁၂၀၀၅ |
| ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊<br>တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၃၅၃၄<br>၀၉-၅၀၂၈၃၈၈ |

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ **email** သို့မဟုတ် **ရုံးလိပ်စာ** သို့ ပေးပို့နိုင်ပါသည်-

**email:** taninthayibudget@gmail.com

**ရုံးလိပ်စာ၊** တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး
ဆန်းချီရပ်၊ ထားဝယ်မြို့။ ၀၅၉ - ၂၀၂၃၉၀၄၊ ၂၀၂၃၇၃၁

The Asia Foundation

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။